# (Buffalo)- ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲ

## (တယ်လီဖုန်းဆွေးနွေးပွဲ )မှတ်တမ်း / ၄

ရက်စွဲ ။ ။ ဧပြီလ(၁၀)ရက် ၊ စနေနေ့၊၂၀၁၀

**ဆွေးနွေးပွဲတက်ရောက်သူများ**

(၁) ကိုရဲထွဋ်
(၂) Dr-မျိုးညွန့် ( နိုင်ငံရေးသိပ္ပံပါမောက္ခ ။ ဩစတေးလျနိုင်ငံမှ တက်ရောက်ဆွေးနွေးသည်)
(၃) ကိုကိုလေး
(၄) ကိုနန္ဒာကျော်
(၅) ကိုလှစိုး ( Buffalo)
(၆) ကိုကျော်ဝင်း
(၇) ကိုမင်းနိုင်
(၈) ကိုဇော်ကိုနိုင်
(၉) ကိုထွန်းထွန်း
(၁၀) ကိုထွန်းလှိုင်
(၁၁) ကိုဇော်နေမျိုး
(၁၂) မခင်စန်းနွယ်
(၁၃) ကိုဝင်းရွှေ
(၁၄) ကိုမင်းဦး
(၁၅) ဦးအောင်စိန်
(၁၆) ကိုထွန်းအောင်ကျော်
(၁၇) ဦးဗလ ( အိန္ဒိယနိုင်ငံမှ တက်ရောက်ဆွေးနွေးသည် )
(၁၈) ဆရာတော်ဦးပညာဇောတ
(၁၉) ကိုအောင်မြင့်ထွန်း
(၂၀) ဆရာတော် ဦးကောဝိဒ ( ကနေဒါနိုင်ငံမှတက်ရောက်ဆွေးနွေးသည် )
(၂၁) ကိုတေဇ ( ဒိန်းမတ်နိုင်ငံမှ တက်ရောက်ဆွေးနွေးသည် )
(၂၂) ကိုမြတ်သီဟ ( နယ်သာလန်နိုင်ငံမှ တက်ရောက်ဆွေးနွေးသည် )
(၂၃) ကိုရာဇာ
(၂၄) Dr - ခင်စိန်
(၂၅) ကိုအောင်မိုးဆင်း
(၂၆) ကိုကျော်ဇောထွန်း ( ကနေဒါနိုင်ငံမှ တက်ရောက်ဆွေးနွေးသည် )
(၂၇) ကိုကျော်ဆန်း
(၂၈) ဆရာတော် ဦးအဂ္ဂဓမ္မ
(၂၉) ကိုသက်ထွန်း
(၃၀) ကိုစိုးမိုး
(၃၁) ကိုမျိုးအေး
(၃၂) ကိုအောင်သန်း
(၃၃) ကိုခွန်ထွန်းတောက်
(၃၄) ဒေါ်စောမြတ်မာ
(၃၅) ကိုဇော်ဇော်

(၃၆) ကိုကျော်စိုး
(၃၇) ကိုစိုင်း
(၃၈) ကိုဇော်လှိုင်ဦး
(၃၉) ကိုအောင်ကျော်မြင့်
(၄၀) ကိုဇာနည်
* ကွန်ပျူတာမှတ်တမ်းအား စစ်ဆေးကြည့်ရာတွင် (၅၅)ဦးတက်ရောက်သည် ။ (၁၅)ဦးမှာဆွေးနွေးပွဲတက်ရောက်ကြောင်း အကြောင်းမကြားပါ ။

**အခမ်းအနားမှူးအဖွဲ့။ ။ ကိုကိုလေး၊ Dr -ခင်စိန်၊ ကိုဇော်ကိုနိုင်**
**မှတ်တမ်း။ ။ ကိုဇော်ကိုနိုင်**

## ဆွေးနွေးသည့်အကြောင်းအရာ

(၁) ညီလာခံ (Web site) ကိစ္စ ။
(၂) တယ်လီဖုန်းဆွေးနွေးပွဲ ကျင်းပချိန်သတ်မှတ်ချက် ( အာရှ ၊ ဥရောပနိုင်ငံများဘက်မှ ဆွေးနွေးပွဲတက်ချိန် အဆင်ပြေနိုင်စေရန် ) ။
(၃) ယနေ့ဆွေးနွေးပွဲတွင် တက်ရောက်လာသောရဲဘော်သစ်များအား မိမိတို့၏ အခြေအနေများကို မိတ်ဆက်ရန် ၊ ၎င်းတို့ထံမှ အကြံဉာဏ်များတောင်းခံရန် ။
(၄) ဘဏ္ဍာရေးဆပ်ကော်မတီမှတင်ပြချက် ။
(၅) ညီလာခံကော်မတီဝင်များတိုးချဲ့ရေး ။
(၆) အာရှ၊ အမေရိက၊ ဥရောပရှိ မြန်မာ့ဒီမိုကရေစီအင်အားစုများ ပူးပေါင်းဆောင်ရွက်၍ ညီလာခံအောင်မြင်အောင်ကျင်းပနိုင်ရေး ။
(၇) - မြန်မာ့နိုင်ငံရေးအခြေအနေနှင့် ကာဂျစ္စတန်နိုင်ငံ၏ လတ်တလောနိုင်ငံရေး အခြေအနေ နှိုင်းယှဉ်ချက် ။
- ညီလာခံပြီးနောက် နိုင်ငံရေးလုပ်ငန်းစဉ်များအား ကြိုတင်ဆွေးနွေးခြင်း ။
(၈) ယနေ့မြန်မာ့နိုင်ငံရေးအခြေအနေ။
- အထွေထွေ ။

## ဆွေးနွေးဆုံးဖြတ်ချက်များ

(၁) ညီလာခံ (Web site) ကိစ္စ ။
- ညီလာခံအတွက် (Web Site) တခုပြုလုပ်ခြင်းဖြစ်သည် ။ ပြန်ကြားရေးဆပ်ကော်မတီမှ စီစဉ်ပြုလုပ်သည် ။ ကော်မတီဝင်များ၊ ဆပ်ကော်မတီများအားလုံး အသုံးပြုရန်အတွက်ရည်ရွယ်၍ ပြုလုပ်ထားခြင်းဖြစ်သည် ။

(၂) တယ်လီဖုန်းဆွေးနွေးပွဲကျင်းပချိန် သတ်မှတ်ချက် ။ ( အာရှ ၊ ဥရောပနိုင်ငံများဘက်မှ ဆွေးနွေးပွဲတက်ချိန်အဆင်ပြေနိုင်စေရန် ) ။
- မဆွေးနွေးဖြစ်ပါ ။

(၃) ယနေ့ဆွေးနွေးပွဲတွင် တက်ရောက်လာသောရဲဘော်သစ်များအား မိမိတို့၏ အခြေအနေများကို မိတ်ဆက်ရန် ၊ ၎င်းတို့ထံမှ အကြံဉာဏ်များတောင်းခံရန် ။
- ကိုမင်းနိုင် ၊ Dr-ခင်စိန်တို့မှ မိမိတို့အင်အားစု၏ နိုင်ငံရေးလှုပ်ရှားမှု အခြေအနေများကို မိတ်ဆက်ဆွေးနွေးတင်ပြသည် ။ (Utica) ညီလာခံမှ ချမှတ်ထားသော နိုင်ငံရေးလုပ်ငန်းစဉ်(၆)ရပ်နှင့် (Utica)ညီလာခံ၏ အခြေခံမူ(၃)ရပ်တို့အားရှင်းလင်းတင်ပြသည် ။ မေလတွင်ကျင်းပမည့် ညီလာခံနှင့်ပတ်သက်ပြီး မိတ်ဆက်ဆွေးနွေးသည် ။

- အိန္ဒိယနိုင်ငံမှ တက်ရောက်ဆွေးနွေးသော ကိုဗလမှ ... ။

- အခြေအနေအသေးစိပ်အား (Email)ပို့ပေးပါရန် တင်ပြသည်။ ၎င်းတို့ဘက်မှ အကြောင်းပြန်ဆွေးနွေးမည်ဖြစ်သည် ။

<u>(၄) ဘဏ္ဍာရေးဆပ်ကော်မတီမှတင်ပြချက် ။</u>

- ညီလာခံကျင်းပနိုင်ရေးအတွက် ရဲဘော်တဦးကို ဒေါ်လာ(၁၀၀)သတ်မှတ်ထားသည် ။ (Bank Account)နှင့် လိပ်စာများကို ဖြန့်ဝေပြီးဖြစ်သည် ။ (Bank Account)လိပ်စာမှာ (Buffalo)မြို့မှ သံဃာတော်တပါး၏ (Account)ဖြစ်သည် ၊ ယခုကောက်ခံထားပြီးသော စာရင်းကိုလည်း တင်ပြထားပြီးဖြစ်သည် ။

- ရန်ပုံငွေအတွက်တတ်နိုင်သမျှထည့်ဝင်ကြပါရန် တင်ပြသည်။ ဧပြီလ(၂၀)ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ထည့်ဝင်ရန်ဖြစ်သည် ။ ဘဏ္ဍာရေးဆပ်ကော်မတီဝင်များအား (Buffalo)မြို့မှ ဒေသခံရဲဘော်များဖြင့် တိုးချဲ့ဖွဲ့စည်းထားသည် ။

- ညီလာခံအတွက် ခန့်မှန်းကုန်ကျငွေမှာ ဒေါ်လာ(၄၀၀၀ / ၅၀၀၀)ခန့်ဖြစ်သည် ။

<u>(၅) ညီလာခံကော်မတီဝင်များတိုးချဲ့ရေး ။</u>

- ဘဏ္ဍာရေးဆပ်ကော်မတီဝင်များကို တိုးချဲ့ဖွဲ့စည်းထားသည် ။ ကိုမျိုးသန့် ၊ ကိုလှိုင်မိုးသန်း၊ကိုစိုးမောင်မောင် တို့ဖြစ်သည် ။

- ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် တက်ရောက်လာသော အခြားနိုင်ငံများမှရဲဘော်များအား ဆက်သွယ်မေးမြန်း၍ ကော်မတီများတွင်ပါဝင်ရန် ကမ်းလှမ်းမည်ဖြစ်သည် ။

<u>(၆) အာရှ ၊ အမေရိက၊ ဥရောပရှိ မြန်မာ့ဒီမိုကရေစီအင်အားစုများ ပူးပေါင်းဆောင်ရွက်၍ ညီလာခံအောင်မြင်အောင်ကျင်းပနိုင်ရေး ။</u>

- အခြားနိုင်ငံများမှ ရဲဘော်များအနေဖြင့် အမေရိကန်နိုင်ငံသို့ ညီလာခံတက်ရောက်ရန် ငွေကြေးအခက်အခဲရှိသည် ၊ အိန္ဒိယနိုင်ငံမှရဲဘော်များအား ညီလာခံတက်ရောက်ရန် စီစဉ်ပေးနိုင်လျင် အိန္ဒိယဘက်ရှိ အင်အားစုများအနေဖြင့် ညီလာခံတွင် ပါဝင်နိုင်မည်ဖြစ်သည်။

- (Buffalo)ညီလာခံတွင် နိုင်ငံတကာရှိ ဒီမိုကရေစီအင်အားစုများမှရဲဘော်များ တက်ရောက်ဆွေးနွေးနိုင်စေရန် (Web Conference)ဖြင့် စီစဉ်ပေးနိုင်ရန် ဆွေးနွေးထားပြီးဖြစ်သည် ။ ညီလာခံတက်ရောက်ရန်ခက်ခဲနေမှုကို ထိုအစီစဉ်ဖြင့် ဖြေရှင်းပေးနိုင်လိမ့်မည်ဖြစ်သည် ။

- ပြည်ပတွင်ရောက်နေသော နိုင်ငံရေးတက်ကြွလှုပ်ရှားနေသူ ရဲဘော်များ၏အင်အားမှာမနည်းချေ ။ ထိုအင်အားများကိုစုစည်းရန်လိုအပ်သည် ။ စုစည်းနိုင်လျင် တော်လှန်ရေးအတွက် အားတခုဖြစ်သည် ။ ယခုကျင်းပမည့် (Buffalo) ညီလာခံသည် အမေရိကန်နိုင်ငံရှိ အင်အားစုများ ၊ ရဲဘော်များ၏ ညီလာခံမဟုတ်ချေ ။ အပြည်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ ညီလာခံဖြစ်သည် ။ တကွဲတပြား သီးခြားလုပ်နေကြတာထက် စုစည်းလုပ်ကိုင်ရန်လိုသည် ။ ထို့ကြောင့် အာရှ၊ ဥရောပနှင့် အမေရိကန်နိုင်ငံမှ ရဲဘော်များအနေဖြင့် ပိုမိုဆက်စပ်လုပ်ကိုင်သွားရန်လိုအပ်သည် ။

- (Utica) ညီလာခံမှ ချမှတ်ထားသော မူများမှာ မှန်ကန်သည်ဖြစ်သည် ။ မြန်မာ့အမျိုးသားကွန်ကရက်(BNC) ဆိုသည့် စုစည်းမှုမျိုးဖေါ်ထုတ်ရန် လေးလေးနက်နက်ပြင်ဆင်ထားသင့်သည် ။

- အိန္ဒိယနိုင်ငံရှိ ဒီမိုကရေစီအင်အားစုများအနေဖြင့် အမေရိကန်နိုင်ငံရှိ ဒီမိုကရေစီအင်အားစုများနှင့် စနစ်တကျဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

- စုစည်းညီညွတ်မှုကို အမြန်ဆုံးတည်ဆောက်သင့်သည် ။

- နိုင်ငံတကာရှိ ဒီမိုကရေစီအင်အားစုများမှ ရဲဘော်များအနေဖြင့်လည်း (Buffalo)ညီလာခံအား (Web Conference)ဖြင့် တက်ရောက်ဆွေးနွေးရန် ဖိတ်ခေါ်ပါသည် ။

(၇) - မြန်မာ့နိုင်ငံရေးအခြေအနေနှင့်ကာဂျစ္စတန်နိုင်ငံ၏လတ်တလောနိုင်ငံရေး အခြေအနေနှိုင်းယှဉ်ချက်။

- ပြီးခဲ့သည့် ရက်ပိုင်း(ဧပြီလ-၄-၅-၆ -ရက်)အတွင်း ကာဂျစ္စတန်နိုင်ငံ၏ နိုင်ငံရေးအခြေအနေများကို သုံးသပ်ဆွေးနွေးသည် ။ လတ်တလောမြန်မာ့နိုင်ငံရေး အခြေအနေများနှင့် နှိုင်းယှဉ်ဆွေးနွေးသည် ။

- NLD ၊ ၁၉၉၀ ရွေးကောက်ပွဲ ၊ ၂၀၀၈ အခြေခံဥပဒေ ပြည်သူ့ဆန္ဒခံယူပွဲ အခြေအနေများကို သုံးသပ်ဆွေးနွေးတင်ပြသည် ။

- ညီလာခံပြီးနောက် နိုင်ငံရေးလုပ်ငန်းစဉ်များအား ကြိုတင်ဆွေးနွေးခြင်း ။ ( ညီလာခံတွင် ချမှတ်သင့်သည့် နိုင်ငံရေးလုပ်ငန်းစဉ်များ ) ။

* - လူအများစုပါဝင်နိုင်သောစုစည်းမှုကို လုပ်ရမည် ။
- လုပ်ငန်းကော်မတီများဖွဲ့စည်းရမည် ။
- ရန်ပုံငွေရှာရမည် ။
- ခေါင်းဆောင်များစုဖွဲ့ရမည်။
- နိုင်ငံတကာအစိုးရများအား ဖိအားပေးရမည် ။
- ပြည်ပလှုပ်ရှားမှုများဖော်ထုတ်ရန် ။
- ထောက်ပံ့မှုများပြုလုပ်ရန် ။
- တောင်အာဖရိကအမျိုးသားကွန်ကရက် (ANC)ကဲ့သို့သော အင်အားစုကြီးတရပ်ဖြစ်လာအောင် ပြုလုပ်ရန် စသည့် လုပ်ငန်းစဉ်များကို ညီလာခံတွင်ချမှတ်သင့်သည် ။

* - လူထုတိုက်ပွဲလမ်းစဉ်များချမှတ်ထားရေး ။
- ပြည်သူ့အစိုးရဖွဲ့စည်းရေးအတွက် ပြင်ဆင်ရေး ။

* - မြေပေါ်/မြေအောက်လှုပ်ရှားမှု လုပ်ငန်းစဉ်များရေးဆွဲထားရေး ။
- အပြည်ပြည်ဆိုင်ရာလှုပ်ရှားမှုများ ချမှတ်ထားရေး ။
- ပြည်တွင်း/ပ အင်အားစုများ စုစည်းနိုင်မှ စစ်အုပ်စုအား တော်လှန်ဖြုတ်ချနိုင်မည်ဖြစ်သည် ။

* - ဒီမိုကရေစီအင်အားစုများပါဝင်သော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုတရပ်အားဖွဲ့စည်းရန် ပြင်ဆင်သင့်သည်။
- လူထုတိုက်ပွဲပေါ်ပေါက်လာရန် (UG/ Net Work) အား ကျယ်ပြန့်စွာ တည်ဆောက်ထားရန် ညီလာခံမှချမှတ်ထားသင့်သည် ။

* - လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲ ဆက်စပ်ထားသည့် လမ်းစဉ်များချမှတ်ထားရန် လိုအပ်သည် ။
- လျှို့ဝှက်ပြီး လက်နက်တပ်ဆင်ထားသော အင်အားစုများကို စုဖွဲ့ထားသင့်သည် ။
- (Utica) ညီလာခံမှ ချမှတ်ထားသော နိုင်ငံရေးလုပ်ငန်းစဉ် (၆)ရပ်ကို ဆက်လက်ဆွေးနွေးရန် လိုအပ်သည်

* - ညီလာခံပြီး ပြီးရော ဘာမှမလုပ်နိုင်ဘူးဆိုရင် အလကားဖြစ်မည် ။
- သေချာစုစည်းထားသော အင်အားစုဖြစ်သင့်သည် ။
- ရေရှည်ချမှတ်ထားသည့် အစီစဉ်များ(Long Plan) ရှိရမည် ။

* - ညီလာခံတွင် ချမှတ်သင့်သည်မှာ ....
- မိမိတို့ပြည်ပရှိရဲဘော်များ လုပ်နိုင်သည့် ၊ လုပ်ချင်သည့် ၊ လုပ်သင့်သည်များကိုသာ မူ/လမ်းစဉ်/လုပ်ငန်းစဉ်များအဖြစ် ချမှတ်သင့်သည် ။ မလုပ်နိုင်ပဲ စိတ်ကူးယဉ်ပြီး ဆန္ဒစွဲဖြင့် မချမှတ်သင့်ပေ ။ ထို့ကြောင့် ပြည်ပမှအင်အားစုများ အနေဖြင့် ဘာတွေလုပ်နိုင်သလဲ၊ ဘာတွေလုပ်ချင်သလဲ၊ ဘာတွေလုပ်သင့်သလဲဆိုသည်ကို ဆွေးနွေးပြီး မူနှင့်လုပ်ငန်း

စဉ်များကိုချမှတ်သင့်သည် ။ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီအင်အားစုများ၏ တပ်ပေါင်းစုကြီးတရပ်ကို စုဖွဲ့ရန်လိုအပ်သည် ။ ထိုစုဖွဲ့မှုသည် အမျိုးသားရေးလက္ခဏာဆောင်ရမည် ။
- နိုင်ငံရေးအရ ဦးဆောင်နိုင်သည့် ခေါင်းဆောင်များကို ညီလာခံတွင် ရွေးချယ်ဖွဲ့စည်းထားသင့်သည် ။
- ညီလာခံမှချမှတ်ထားသော မူ၊လုပ်ငန်းစဉ်များကို အောင်မြင်ထမြောက်အောင် အကောင်အထည်ဖေါ်ရာတွင် ခေါင်းဆောင်များမှာအရေးကြီးသည် ။ ခေါင်းဆောင်နိုင်သောသူမရှိလျှင် ချမှတ်ထားသောမူ ၊လုပ်ငန်းစဉ်များမှာ အောင်မြင်နိုင်မည်မဟုတ်ချေ ။

* - ညီလာခံများတွင် ချမှတ်ထားသော မူနှင့်လုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်မဖေါ်နိုင်သည် မှာ အမှန်ဖြစ်သည် ။ ရန်ပုံငွေမရှိတာလည်း ပါဝင်သည် ။ ထို့ကြောင့် ရန်ပုံငွေကို စနစ်တကျရှာဖွေသင့်သည် ။ ရန်ပုံငွေရှာဖွေရေး အစုအဖွဲ့ကို စုဖွဲ့ထားရန်လိုအပ်သည် ။ လက်နက်ကိုင်တိုက်ပွဲအတွက် ပြင်ဆင်သင့်သည် ။

* - ညီလာခံတွင် လုပ်ငန်းစဉ်နှင့် မူများချမှတ်နိုင်ရေးအတွက် သဘောထားကောက်ခံသော အလုပ်အဖွဲ့တခု စုဖွဲ့ထားရန်လိုအပ်ပြီး ထိုအလုပ်အဖွဲ့မှ သဘောထားများကို စုစည်းထားသင့်သည် ။

- ရန်ပုံငွေမရှိ၍ လုပ်ငန်းများအောင်မြင်အောင် မလုပ်နိုင်သလို ခေါင်းဆောင် (Drive)လုပ်သည့်သူ/ အင်အားစု မရှိလျှင်လည်း အောင်မြင်မည်မဟုတ်ချေ ။

* - ညီလာခံတွင်ချမှတ်ထားသော မူ၊လုပ်ငန်းစဉ်များ ဘာကြောင့်မအောင်မြင်ရသလဲဆိုတာကို သိရန်လိုအပ်သည် ။ သေချာသိရန် လေ့လာပြီးမှ အောင်မြင်အောင် လုပ်နိုင်မည်ဖြစ်သည် ။

* - ၂၀၁၀ ရွေးကောက်ပွဲအား ဝိုင်းဝန်းတိုက်ဖျက်ပြီး၊ လူထုအုံကြွမှုနဲ့ အာဏာသိမ်းဆိုသည်ကို ပြင်ဆင်ထားရမည် ။
- စုပေါင်းခေါင်းဆောင်မှုနှင့် ချိတ်ဆက်ရမည်ဖြစ်သည် ။
- လူထုအုံကြွမှု နှင့် လက်နက်ကိုင်တော်လှန်ရေးအတွက် ထောက်ပံ့နိုင်အောင်ပြင်ဆင်ထားသင့်သည် ။
- ကြားဖြတ်အစိုးရအတွက်လည်း ပြင်ဆင်ထားရမည် ။
- (NLD)အား အစိုးရဖွဲ့စည်းနိုင်အောင် ဖိအားပေးသင့်သည် ။

* - အင်အားစုများက တသံတည်းအောက်တွင် စုစည်းရန်လိုအပ်သည် ။
- ဘုံလုပ်ငန်းစဉ်များချမှတ်ထားရန်ဖြစ်သည် ။
- လူမှုရေးလုပ်ငန်းများမှ နိုင်ငံရေးလုပ်ငန်းများဆီသို့ ဦးတည်သွားရမည် ။
- ၂၀၁၀ ရွေးကောက်ပွဲအားဆန့်ကျင်ရန် (Lobby) လုပ်ရန်လိုအပ်သည် ။

- (၆၂) ခုနှစ်အာဏာသိမ်းပြီးချိန်မှစ၍ ယနေ့အထိ တိုင်းပြည်၏အဓိကပြဿနာများကို လူတိုင်းသိပြီးဖြစ်သည် ၊ ၎င်းပြဿနာများကိုထပ်ကာတလဲလဲ အဓိပ္ပါယ်တူသံစဉ်ကွဲဆွေးနွေးနေကြမည့်အစား ပြဿနာများကို အမျိုးအစားခွဲပြီး လူမှန်နေရာမှန် အချိန်တခုသတ်မှတ်ကာ သတ်မှတ်ချိန်ကာလအတွင်း စနစ်တကျအာရုံစူးစိုက်ပြီး မိမိတာဝန်ကို မိမိကျေပြွန်အောင်ဆောင်ရွက်ကြမည်ဆိုလျှင် ပိုမိုထိရောက်ပြီးလက်တွေ့ရွေ့လျှားမှုများရှိမည် ။
- လွန်ခဲ့သည့်အနှစ်(၂၀)က အားနည်းချက်များကို သခ်ၤန်းစာယူ၍ ၊ လတ်တလောပြဿနာဖြစ်စဉ်တခုနောက်သို့ အားလုံးစုပြုံလိုက်ပြီး ကောက်ရိုးမီးကဲ့သို့ ဝုန်းကနဲထလောင်ပြီး ခနလေးနှင့် အရှိန်သေသွားတာမျိုးမဖြစ်သင့်ဘဲ တိုင်းပြည်ကို စစ်အာဏာရှင်အောက်မှ လွတ်မြောက်စေရန်အတွက် ရဲဘော်အသီးသီး မိမိကျွမ်းကျင်ရာကဏ္ဍအလိုက် (Time line) ချမှတ်ကာ စွမ်းစွမ်းတမံဆောင်ရွက်ကြဖို့လိုပါသည် ။
- မိမိတို့အမျိုးသားများပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းများကို စီမံကိန်းနှင့် စနစ်တကျတည်ထောင်ပြီးရရှိသော အကျိုးအမြတ်များထဲမှမိမိတို့ လုပ်ချင်သောလုပ်ငန်းများကို စိတ်တိုင်းကျလုပ်ကိုင်နိုင်မည်ဖြစ်ပါသည်၊ ထို့ကြောင့် ညီလာခံပြီးနောက်ပိုင်း ရေ့လုပ်ငန်းစဉ်အတွက် အဖွဲ့အစည်းအတွက် အာမခံရှိနိုင်သော စီးပွားရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း အလေးအနက်ထားပြီး တင်ပြအပ်ပါသည်။ လုပ်ရပ်တိုင်းမှာ အဓိပ္ပါယ်ရှိသော သက်သေပြမှုများရှိနေစေရမည်။ လုပ်နေတာဘဲဆိုတာမျိုးနှင့် ရောထွေးပြစ်၍ မရချေ ။

(၈) ယနေ့မြန်မာ့နိုင်ငံရေးအခြေအနေ။

- စစ်အုပ်စုက အင်အား၊ငွေကြေးပြည့်စုံသည် ။ မိမိတို့ဘက်မှ အင်အား/ငွေကြေးများစုဆောင်း၍ တိုက်ခိုက်ရန်လိုသည် ။

- NLD- အနေနဲ့ အစိုးရမဖွဲ့တာ ဘာကြောင့်လဲ ။ (NLD) အား လုံ့ဆော်တွန်းအားပေးရန် လိုအပ်သည် ။

- (NLD) အစိုးရဖွဲ့ရင် ဘာဖြစ်မလဲ/အစိုးရမဖွဲ့ရင် ဘာဖြစ်မလဲဆိုတာကို ဆွေးနွေးစေချင်သည် ။
- ပြည်တွင်းနိုင်ငံရေးအခြေအနေအရကြပ်တည်းနေသော နိုင်ငံရေးဆန်းကျင်ဖြစ်နေသည် ။
- ငြိမ်းအဖွဲ့များကို စည်းရုံးရန်လိုအပ်သည် ။
- သံတမန်ရေး၊လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တော်လှန်ရေးတိုက်ပွဲများမှာ အားနည်းနေသည် ။

- စစ်ရေးအရ နအဖအား အရေးယူနိုင်ရန် နည်းလမ်းများမှာ ..။
(က) နိုင်ငံတကာမှ စစ်ရေးအရ အရေးယူရေး ။
(ခ) မိမိတို့ ဒီမိုကရေစီအင်အားစုများစုစည်း၍ လက်နက်ကိုင်တိုက်ပွဲနည်းနဲ့တော်လှန်ရေး ။
(ဂ) စစ်ခေါင်းဆောင်များအား ရွေးချယ်တိုက်ခိုက်နိုင်ရေး တို့ဖြစ်သည် ။
- တိုင်းရင်းသားနယ်မြေထဲတွင် စစ်ရေးအရ ခြေကုတ်ယူရန် ယနေ့ကာလတွင် မလွယ်ကူချေ ။
- ထိုင်း၊အိန္ဒိယ၊တရုတ်နယ်စပ်တွင် ခြေကုတ်ယူနိုင်ရန် သက်ဆိုင်ရာနိုင်ငံများ၏ ယနေ့အခြေအနေအရ မလွယ်ကူနိုင်ပါ ၊ ထို့ကြောင့် ပြည်တွင်းမှာသာ လျှို့ဝှက်လက်နက်ကိုင်အင်အားစုများကို စုဖွဲ့ထားနိုင်ရင် သင့်တော်သည် ။
- လူထုအုံကြွတော်လှန်မှုဖြစ်လာရင် လူထုအားကာကွယ်နိုင်ရန် လျှို့ဝှက်တပ်ဖွဲ့များစုဖွဲ့ထားသင့်သည် ။
- ကြားဖြတ်အစိုးရအား ဖွဲ့စည်းနိုင်ရန်ပြင်ဆင်ထားသင့်သည်။

<u>(၉) အထွေထွေ ။</u>

- (NLD)အနေဖြင့် မေလ(၆)ရက်နေ့တွင် ပါတီမှတ်ပုံမတင်ပါက မတရားအသင်းအဖြစ် ကြေညာခံရဖွယ်ရှိကြောင်း ၊ ထို့ကြောင့်(NLD)အနေဖြင့် (၁၉၉၀)ပြည်သူများမှ ပေးထားသည့် (Mandate)ဖြင့် အစိုးရဖွဲ့စည်း၍ ကမ္ဘာသို့ကြေညာရန် မိမိတို့အင်အားစုမှ (NLD)နှင့် ပြည်သူလူထုအား ကြေညာချက်ထုတ်ပြန်သင့် /မသင့်ဆွေးနွေးခဲ့ကြသည် ။

- ကြေညာချက်ထုတ်သင့်သည်ဟု ဆွေးနွေးသည့် ရဲဘော်များမှာ ..
-ကိုဝင်းရွှေ
-ကိုနန္ဒာကျော်
- ကိုအောင်မြင့်ထွန်း
-Dr- ခင်စိန်
-ကိုထွန်းလှိုင် ...တို့ဖြစ်သည် ။

- မထုတ်ပြန်သင့်ကြောင်းဆွေးနွေးသူများမှာ ..
- ကိုရဲထွဋ်
- ကိုစိုင်း
- ကိုမင်းနိုင် ....တို့ဖြစ်သည် ။

- ဆုံးဖြတ်ချက်အဖြစ် မချမှတ်နိုင်ခဲ့ချေ ။
- ဆုံးဖြတ်ချက်မချမှတ်နိုင်သည်မှာ ... မိမိတို့အင်အားစုမှာ ကော်မတီအဆင့်သာရှိနေသေးခြင်း၊ တယ်လီဖုန်းဆွေးနွေးပွဲတွင် ဆုံးဖြတ်ချက်ချနိုင်သည့် ရဲဘော်အင်အားနည်းခြင်း (ဆွေးနွေးပွဲတက်သူ - ၅၀ - ဦးခန့်ရှိသည်ဖြစ်ရာ အများစုမှာ ဆွေးနွေးပွဲမှဆင်းသွားသဖြင့် ဆုံးဖြတ်ချက်ချနိုင်သည့် အင်အားမရှိ ဖြစ်ခဲ့ရသည်) ။
- (NLD)မှ အစိုးရဖွဲ့ဖြစ်လျှင် စစ်အုပ်စုမှ (NLD)အား အပြစ်ပေးအရေးယူလာသောအခါ အစိုးရဖွဲ့စည်းရေး တိုက်တွန်းနိုးဆော်သူများ၏တာဝန်မကင်း ဖြစ်နိုင်သည် ။ ထို့ကြောင့် ဤအကြောင်းအရာကို နောက်တပတ် ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် ထပ်မံတင်ပြဆွေးနွေးရန်ဖြစ်သည် ။

**- ထုတ်ပြန်ကြေညာချက်ထုတ်၍ တိုက်တွန်းနိုးဆော်သင့်ကြောင်း တင်ပြချက်အားမှတ်တမ်းတင်သည် ။**

---